နယူးယောက်တိုင်းမ်ရဲ့ ရောင်းအားအကောင်းဆုံးဖြစ်တဲ့ဒီစာအုပ်ဟာ လူတစ်ဦးချင်းရဲ့ အပြောင်းအလဲ၊ မိုက်ခရိုဆော့ဖ်ရဲ့ ကုမ္ပဏီအတွင်းထဲက ပြုပြင်ပြောင်းလဲမှုတွေနဲ့ ကျွန်တော်တို့ဘဝတွေအားလုံးကို မကြာခင်မှာ ရိုက်ခတ်တော့မယ့် နည်းပညာတွေအကြောင်း ရေးထားတာဖြစ်ပါတယ်။ လူသားတွေရဲ့အတွေ့အကြုံတွေထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံးနဲ့ ရိုက်ခတ်မှု အများဆုံးဖြစ်မယ့် နည်းပညာလှိုင်းမှာ Artificial Intelligence၊ Mixed Reality နဲ့ Quantum Computing တို့ ပါဝင် ပါတယ်။ ဒီစာအုပ်မှာ လူသားတွေ၊ အဖွဲ့အစည်းတွေ နဲ့ လူ့အသိုင်းအဝိုင်း တစ်ခုလုံးက ဘယ်လို ပြုပြင်ပြောင်းလဲနိုင်ရမယ်၊ ဘယ်လိုပြုပြင်ပြောင်းလဲရမယ်ဆိုတာနဲ့ သူတို့ အမြဲတစေရှာဖွေနေတဲ့ စွမ်းအင်အသစ်၊ အိုင်ဒီယာအသစ်၊ ပြန်လည်ဆန်းသစ်ခြင်းနဲ့ လိုက်လျောညီထွေဖြစ်အောင်နေခြင်း တို့မှာ ပြန်လည်ဆန်းသစ်ခြင်း ခလုတ်ကိုနှိပ်ဖို့ လိုအပ်တဲ့အကြောင်းတွေ ဖြစ်ပါတယ်။

မိုက်ခရိုဆော့ဖ့်ရဲ့ စီအီးအိုဖြစ်တဲ့စာရေးသူက သူ့အိန္ဒိယမှာ နေထိုင်စဉ် ကလေးဘဝကနေ ဒီဂျစ်တယ်ခေတ်ရဲ့ အသိသာဆုံး နည်းပညာပြောင်းလဲမှုတချို့ဆီ ဦးတည်ခဲ့တဲ့ သူ့ရဲ့ခရီးစဉ်အကြောင်းနဲ့ ကုမ္ပဏီရဲ့ ဆက်လက်ဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲမှုရဲ့ အတွင်းကျကျအကြောင်းအရာတွေကို ပြောပြထားပါ တယ်။ ဆတ္တရာနာဒယ်လာက သူ အမေရိကန်ကို ပြောင်းရွှေ့နေထိုင်ခင် အိန္ဒိယက သူ့ရဲ့စိတ်ဝင်စားဖို့ကောင်းတဲ့ လူငယ်ဘဝနဲ့ ဘဝခရီးတစ်လျှောက်လုံး သူဘယ်လိုလေ့လာသင်ယူခဲ့တယ်ဆိုတာတွေကို ဖော်ပြထားပါတယ်။

ပြီးတော့ ထူးခြားတဲ့ ဦးနှောက်ပိုင်ရှင် ဘီလ်ဂိတ်နဲ့ အမြဲစွမ်းအားပြည့်နေတဲ့ စတီဘောလ်မားတို့ရဲ့ နောက်က လူမသိ သူမသိဖြစ်ခဲ့တဲ့လူတစ်ယောက် စီအီးအိုဖြစ်လာပြီး သူပြုလုပ်ခဲ့ရတဲ့ စေ့စပ်ညှိနှိုင်းမှုတွေအကြောင်း မျှဝေထားပါတယ်။ ကုမ္ပဏီတစ်ခု သူ့ရဲ့စိတ်ဝိညာဉ်ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့မှုရဲ့ အတွင်းကျကျ အကြောင်းရင်းတွေဖြစ်တဲ့ ယဉ်ကျေးမှုအလေ့အထကနေ သူတို့ရဲ့ပြိုင်ဆိုင်မှုမြင့်မားတဲ့ပတ်ဝန်းကျင်နဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေအထိ ပြုပြင်ပြောင်းလဲရေးလုပ်ခဲ့တာတွေကို ပြောပြထားပါတယ်။ နာဒယ်လာက ခေါင်းဆောင်နဲ့ အင်ဂျင်နီယာတစ်ယောက်အနေနဲ့ရော၊ လူသားဆန်သူတစ်ဦးအနေနဲ့ပါ လာမယ့်နည်းပညာလှိုင်းအတွက် သူ့ရဲ့မျှော်မှန်းချက်တွေကို ကောက်ချက်ချရာမှာ လူ့အဖွဲ့အစည်းအပေါ် ဖြစ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုတွေကို လေ့လာသုံးသပ်ကြဖို့နဲ့ ကမ္ဘာ့ခေါင်းဆောင် တွေကို အပြောနဲ့မဟုတ်ဘဲ အလုပ်နဲ့ သက်သေပြဖို့ တိုက်တွန်းထားပါတယ်။